၂၀၁၆ ခုနှစ်။ အောက်တိုဘာလ ၁၃ ရက်၊ ကြာသပတေးနေ့

**ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများထံသို့**

**လေးစားလှစွာသောအဆွေတော်များခင်ဗျား။**

ဒီမိုကရေစီနည်းကျကျအုပ်ချုပ်မှုနှင့် လူ့ခွင့်အရေးဆိုင်ရာအခြေခံသဘောတရားများကို စွဲကိုင်ကျင့်သုံးပါမည်ဟု ကတိကဝတ်ပြုထားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူလူထုရွေးချယ်တင်မြှောက်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကျွန်ုပ်တို့သည် အရှေ့တောင်အာရှဒေသတစ်ဝန်းတွင် တရားမျှတမှုမရှိဘဲဖမ်းဆီး ထောင်ချခံနေရသည့် ယုံကြည်ချက်အကျဉ်းသားများအားလွတ်မြောက်ရေးအတွက် အလျင်အမြန်ဆောင်ရွက်ပေးနိုင်ရန် အဆွေတော်တို့အားတိုက်တွန်းပြောကြားအပ်ပါသည်။

မိမိတို့အနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် လုပ်ပိုင်ခွင့်နှင့်နယ်ပယ်များ ဒေသအတွင်းတွင် ယုတ်လျော့လာမှု၊ လူ့အခွင့်အရေးများနှင့်ဒီမိုကရေစီအခြေခံသဘောတရားများဆိုင်ရာကတိကဝတ်များကို ဖော်ဆောင်ရန်အလှမ်းဝေးကွာနေမှုကိုလည်း သိရှိထားပါသည်။ လူ့အခွင့်အရေးကာကွယ်သူများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၊ ဂျာနယ်လစ်များ၊ နိုင်ငံရေးသမားများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုန်သွယ်ရေးအသင်းအဖွဲ့ သမဂ္ဂများ၊ ဘာသာရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များအား ၎င်းတို့၏နိုင်ငံရေးဆိုင်ရာ ငြိမ်းချမ်းစွာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ၎င်းတို့၏အခွင့်အရေးများအတွက် တရားနည်းလမ်းတကျ လှုပ်ရှားဆောင်ရွက်မှုများအတွက် ဖမ်းဆီးခြင်း၊ အပြစ်ပေးခံရခြင်းနှင့် အကျဉ်းချခံရခြင်းတို့မှာ တိုးမြင့်ဖြစ်ပွားလျက်ရှိပါသည်။

- မလေးရှားနိုင်ငံတွင် အတိုက်အခံခေါင်းဆောင်ဟောင်းဖြစ်သူ Anwar Ibrahim မှာ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဆိုင်ရာ ၎င်း၏လှုပ်ရှားဆောင်ရွက်မှုများတွက် နိုင်ငံရေးဆိုင်ရာပြစ်မှုများဖြင့် အကျဉ်းချခံထားရဆဲဖြစ်ပါသည်။

- ဗီယက်နမ်နိုင်ငံတွင် ရှေ့နေတစ်ဦးဖြစ်သူ Nguyen Van Dai မှာ နိုင်ငံသားများ၏ လူ့အခွင့်အရေးများကိုကာကွယ်ရေးဆိုင်ရာ ၎င်း၏လုပ်ဆောင်မှုများကြောင့် ထောင်ချခံရပြီး ဘလော့ဂါများဖြစ်ကြသော Nguyen Huu Vinh နှင့် Nguyen Thi Minh Thuy မှာ အစိုးရအားဝေဖန်သောစာများကိုအွန်လိုင်းပေါ်တွင် ရေးသားဖော်ပြမှုကြောင့် နှစ်ရှည်လများ ထောင်နန်းစံနေရသည်။

- ကမ္ဘောဒီးယားနိုင်ငံတွင် ထင်ရှားသောအရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Cambodian Human Rights and Development Association (ADHOC) မှ ဝန်ထမ်းတစ်ဦးဖြစ်သူမှာ ၎င်းတို့အဖွဲ့၏လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်မှုများနှင့် ဥပဒေရေးရာ အထောက်

အပံ့ပေးခဲ့မှုများကြောင့်အကျဉ်းချခံနေရပါသည်။ မြေယာအခွင့်အရေးများဆိုင်ရာ တက်ကြွလှုပ်ရှားသူအမျိုးသမီးတစ်ဦးဖြစ်သူ Tep Vanny မှာ ၂၀၁၃ ခုနှစ်တွင်ပြုလုပ်ခဲ့သော အခြားတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူအား လွတ်မြောက်ခွင့်ပေးရန် တောင်းဆိုဆန္ဒပြပွဲတစ်ခုတွင်ပါဝင်ခဲ့မှုအတွက် ထောင်ချခံခဲ့ရသည်။

- ထိုင်းနိုင်ငံတွင် ဂျာနယ်လစ်နှင့်တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူSomyot Prueksakasemsuk မှာ ထိုင်းနိုင်ငံအစိုးရအားဆန့်ကျင်သည်ဟုယူဆခံရသော စာရွက်စာတမ်းများရေးသားထုတ်ဝေမှုအတွက် အကျဉ်းချခံနေရဆဲဖြစ်သည်။

- မြန်မာနိုင်ငံတွင် စက်ရုံအလုပ်သမားနှင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင် ၁၆ ဦးမှာ ပိုမိုကောင်းမွန်သောအလုပ်ခွင်အခြေအနေများရရှိရေး ငြိမ်းချမ်းစွာတောင်းဆိုဆန္ဒပြမှုကြောင့် ထောင်ချခြင်းခံခဲ့ရသည်။

- လာအိုနိုင်ငံတွင် Lao Students Movement for Democracy အဖွဲ့ဝင်များဖြစ်ကြသော Thongpaseuth Keuakoun နှင့် Sengaloun Phengphanh တို့မှာဒီမိုကရေစီ၊ လူမှုရေးတရားမျှတမှုနှင့် လူ့အခွင့်အရေးများကိုလေးစားရန် တောင်းဆိုဆန္ဒ ပြရန် စီစဉ်ခဲ့မှုကြောင့် ၁၉၉၉ ခုနှစ်မှစတင်ကာအကျဉ်းချခံခဲ့ရသည်။

အထက်ပါအချက်များမှာအရှေ့တောင်အာရှဒေသတွင် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသောသူများစွာအနက်မှအချို့သာဖြစ်ပါသည်။ ၄င်းတို့၏လွတ်မြောက်ခွင့်မှာ ဥရောပသမဂ္ဂ၏မိတ်ဆွေကောင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးကိုလေးစားသော ဒေသတွင်းအသိုက်အဝန်းတစ်ခုအဖြစ်လည်းကောင်းတည်ရှိမည့် အာဆီယံ၏အနာဂတ်အတွက် အလွန်အရေးပါပါသည်။

မိမိတို့ဒေသနှစ်ခုအကြား နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုအစွန့်ရှည်ကြာစေရေးအတွက် ဆောင်ရွက်သွားကြမည်ဖြစ်ရာ လူ့အခွင့်အရေးများနှင့် လူမှုရေးရာတရားမျှတမှုဆိုင်ရာအဓိကဦးစားပေးအရာများဆိုင်ရာ စစ်မှန်သော ကတိကဝတ်များကို သေချာရေရာစေရန်မှာအလွန်အရေးကြီးလှပါသည်။

ဘန်ကောက်မြို့တွင် အောက်တိုဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်မည့် ၂၁ ကြိမ်မြောက် အာဆီယံ-ဥရောပသမဂ္ဂဝန်ကြီးများတွေ့ဆုံပွဲသည် အဆိုပါရည်မှန်းချက်ကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အထူးအခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် နိုင်ငံသားများ၏လွတ်လပ်ခွင့်နှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၄င်းတို့၏ကတိကဝတ်များကို ဖော်ဆောင်ပြနိုင်မည့် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပြီး ဥရောပသမဂ္ဂကိုယ်စားလှယ်များအတွက်လည်း ကမ္ဘာတစ်ဝန်းရှိ လူ့ခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ၄င်းတို့၏ထောက်ပံ့ကူညီမှုများကို သေချာစေမည့်နေရာတစ်ခုလည်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် အာဆီယံနှင့် ဥရောပသမဂ္ဂတို့အကြားတိုးတက်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ထောက်ခံသကဲ့သို့ ဒေသနှစ်ခုအချင်းချင်း နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် မိတ်ဖက်ဆက်ဆံရေး တိုးတက်တည်ရှိရန် အရေးကြီးမှုကိုလည်းအသိအမှတ်ပြုပါသည်။ သို့သော်လည်း အဆိုပါ ချစ်ကြည်ရင်းနှီးမှုများမှာလူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာတိုးတက်ဖြစ်ထွန်းမှုများပေါ်တွင် အရင်းခံသင့်ပါသည်။ ဒီမိုကရေစီနည်းကျကျအုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးများကိုလေးစားလိုက်နာမှုတို့ ပါဝင်ပြီး ယင်းကိစ္စရပ်များကို ယခုလို အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်သည့်အဆင့်တွင် ကိုင်တွယ် ဆောင်ရွက်သင့်ပါသည်။

ယခုအချိန်အခါတွင် စကားလုံးများဖြင့်ပြောကြားနေသည်ထက် ထိရောက်စစ်မှန်သော လုပ်ဆောင်ချက်များရှိရန် အမှန်တကယ်လိုအပ်နေပါသည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအခြေခံသဘောတရားများကို ထိန်းသိမ်းရန် ကတိကဝတ်များကို လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရန်တာဝန်ရှိသကဲ့သို့ ဥရောပသမဂ္ဂခေါင်းဆောင်များအနေဖြင့်လည်း အရှေ့တောင်အာရှဒေသတွင် ငြိမ်းချမ်းရေးနှင့် တိုးတက်အောင်မြင်မှုများကို စဉ်ဆက်မပြတ်ရရှိစေရန်လက်တွဲဆောင်ရွက်မည့် နိုင်ငံတကာမိတ်ဖက်များအနေဖြင့် ယင်းကဲ့သို့ ဆောင်ရွက်မှုများကို လက်တွေ့လုပ်ဆောင်ရာတွင် တွန်းအားပေးရန်အတွက် တာဝန်ရှိပါသည်။

ရွေးကောက်တင်မြှောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံသားများဖြစ်စေလိုသောဆန္ဒများကို သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်များသိရှိစေရေး၊ အလေးဂရုပြုရေး ဆောင်ရွက်ရန်မှာ မိမိတို့၏တာဝန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အဆွေတော်တို့အနေဖြင့် ယခင်ကထားရှိခဲ့သောကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရေး၊ လိုအပ်သည့် အရာများ ဆောင်ရွက်နိုင်ရေးအတွက် တိုက်တွန်းအကြံပြုအပ်ပါသည်။

ယုံကြည်ချက်အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းသည် လူ့အခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် ဥရောပနိုင်ငံများနှင့်အရှေ့တောင်အာရှနိုင်ငံများရှိ အစိုးရများ၏ပူးပေါင်းကတိကဝတ်ဆိုင်ရာများနှင့်စပ်လျဉ်းသော အမှာစကားတစ်ခုလည်းဖြစ်ပြီး နိုင်ငံသားအားလုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှုကိုရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း သေချာစေမည်ဖြစ်ပါသည်။

အဆွေတော်တို့အနေဖြင့် သင့်လျော်သောလုပ်ဆောင်မှုများဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ချစ်ခင်လေးစားလျက်

| | |
|---|---|
| Afzal Khan, MEP | United Kingdom |
| Alice Lau KiongYieng,MP | Malaysia |
| Ana Gomes, MEP | Portugal |
| Ariel Casilao (Congressman) | Philippines |

| | |
|---|---|
| Aye MyaMyaMyo,MP | Myanmar |
| Azman Ismail,MP | Malaysia |
| Barbara Lochbihler, MEP | Germany |
| Bart Staes, MEP | Belgium |
| Beatriz Becerra Basterrechea, MEP | Spain |
| Boris Zala, MEP | Slovakia |
| Charles Chong,MP | Singapore |
| Charles Santiago,MP | Malaysia |
| Charles Tannock,MEP | United Kingdom |
| Dang Chamreun,MP | Cambodia |
| David Martin, MEP | United Kingdom |
| Demetris Papadakis, MEP | Cyprus |
| Dr. Laima Liucija Andrikiene,MEP | Lithuania |
| Elena Valenciano, MEP | Spain |
| Elly Schlein, MEP | Italy |
| Francisco Assis, MEP | Portugal |
| Hee Loy Sian MP | Malaysia |
| Heidi Hautala, MEP | Finland |
| Helga Trüpel, MEP | Germany |
| Heng Danaro MP | Cambodia |
| IdrisBin Jusi MP | Malaysia |
| Ignazio Corrao, MEP | Italy |
| Ioan Mirceapaşcu, MEP | Romania |
| Ivo Vajgl, MEP | Slovenia |
| Javier Nart, MEP | Spain |
| Jean Lambert, MEP | United Kingdom |
| Jeff Ooi ChuanAun, MP | Malaysia |
| Josef Weidenholzer, MEP | Austria |
| Jude Kirton-Darling, MEP | United Kingdom |
| Karlos Isagani Zarate(Congressman) | Philippines |
| Karoline Graswander-Hainz | Austria |
| Kasit Piromya* | Thailand |
| Kasthuriraani Patto MP | Malaysia |
| Kati PIRI, MEP | Netherlands |
| Keo Phirum MP | Cambodia |
| Khalid Bin Samad MP | Malaysia |
| Khalid Samad MP | Malaysia |

| | |
|---|---|
| Khy Vandeth MP | Cambodia |
| Kong Saphea MP | Cambodia |
| Kraisak Choonhavan* | Thailand |
| Lath Littay MP | Cambodia |
| Liew Chin Tong MP | Malaysia |
| Lim Bunsidareth MP | Cambodia |
| Lim Guan Eng MP | Malaysia |
| Lim Kimya MP | Cambodia |
| Long Ry MP | Cambodia |
| Mahdev Mohan MP | Singapore |
| Manivannan Gowin MP | Malaysia |
| Maria Heubuch, MEP | Germany |
| Mark Demesmaeker, MEP | Belgium |
| Mark Tarabella, MEP | Belgium |
| Martin Häusling, MEP | Germany |
| Men Sothavarin MP | Cambodia |
| Michèle Rivasi, MEP | France |
| MohdRafizi Ramli MP | Malaysia |
| Mu Sochua MP | Cambodia |
| Ng Wei Aik MP | Malaysia |
| NgaKor Ming MP | Malaysia |
| Ngeh Koo Ham MP | Malaysia |
| Nurul Izzah Anwar MP | Malaysia |
| OngKian Ming MP | Malaysia |
| Oscar Ling Chai Yew MP | Malaysia |
| Ou Chanrath MP | Cambodia |
| Petras Austrevicius, MEP | Lithuania |
| Pier Antonio Panzeri, MEP | Italy |
| Pot Peou MP | Cambodia |
| Real Kamerin MP | Cambodia |
| Richard Howitt, MEP | United Kingdom |
| Risa Hontiveros(Senator) | Philippines |
| Sabine Loesing, MEP | Germany |
| Sim Chee Keong MP | Malaysia |
| Sim Tong Him MP | Malaysia |
| SimTzeTzin MP | Malaysia |
| Sivarasa Rasiah MP | Malaysia |

| | |
|---|---|
| Sok Umsea MP | Cambodia |
| Son Chhay MP | Cambodia |
| Su Keong Siong MP | Malaysia |
| Teddy Baguilat Jr. (Congressman) | Philippines |
| Teo Kok Seong MP | Malaysia |
| Tomáš Zdechovsky ,MEP | Czech Republic |
| Tomasito Villarin(Congressman) | Philippines |
| Uch Serey Yuth MP | Cambodia |
| Vann Narith MP | Cambodia |
| Vincent Peillon, MEP | France |
| William Leong Jee Keen MP | Malaysia |
| Wong Chen, MP | Malaysia |
| Yont Tharo, MP | Cambodia |
| Zairil Khir Johari, MP | Malaysia |
| Zuraida Binti Kamaruddin, MP | Malaysia |

ထိုင်းလွှတ်တော်အမတ်မှာ ၂၀၁၄ ခုနှစ်က စစ်တပ်အာဏာသိမ်းပြီး ဒီမိုကရေစီရပ်တန့်မှုမတိုင်မီက ရွေးချယ်ခံခဲ့ရသူဖြစ်ပါသည်။